# ကျနော့်အကြောင်း

အင်းစိန်အောင်စိုး



အမှာ စာ

## အင်းစိန်အောင်စိုး (သို့မဟုတ်) ကမ်းကုန်လို့ ကုန်းပေါ်ရောက်လာသူ

စာရေးဆရာ အင်းစိန်အောင်စိုးက သူ၏ စတုတ္ထစာအုပ် (ကျနော့်အကြောင်း) မှာ အမှာ စာရေးပေးရန် မေတ္တာရပ်ခံသည် ။ ကျွန်တော်က ဝမ်းသာစွာ ကြိုဆိုလက်ခံလိုက်သည် ။ သူ၏ ပထမစာအုပ်ဖြစ်သည့် (အုတ်ရိုးအတွင်း သံဆူးကြိုးဝင်းမှ လူဆိုးများ ) စာအုပ်မှာ ဇော်ဇော်မင်း ၈၈ နှင့် သတင်းထောက် ဝင်းဦးတို့ က အမှာ စာရေးပေးထားတာ တွေ့ရသည် ။ ဆရာအင်းစိန် ဒုတိယစာအုပ်ဖြစ်သည့် (ဒုတိယသေမင်းတမန်လမ်း (ရန်မန်း) ကိုယ်တွေ့ဖြစ်ရပ်မှန်များ ) ကလည်း ၂၀၁၇ ခု ဇွန်လမှာ ထွက်လာပြန်သည် ။ ဒုတိယစာအုပ်မှာ တော့ အမှာ စာရေးသူ တခြားလူမတွေ့ရဘဲ ကိုယ်တိုင်အမှာ စာ ရေးထားတာ တွေ့ရသည် ။ သူ့စာအုပ်တွေမှာ အမှာ စာရေးသူတွေနှင့် သူကိုယ်တိုင်က ထောင်ကျပြစ်ဒဏ်ခံရဖူးသူတွေဖြစ်လို့ ထောင်သားတွေရဲ့ လူမဆန်စွာ ဆက်ဆံခံရမှုတွေကို ပြုပြင်စေလိုသည့် စေတနာဖြင့် ရေးသားကြတာကို တွေ့ရသည် ။ သူ၏ တတိယစာအုပ်ဖြစ်သော အမှန်တရား ဘက်တော်သားစာအုပ်ကို ကျွန်တော် မဖတ်ရသေးပါ။ ဆရာအင်းစိန်အောင်စိုး၏

စတုတ္ထမြောက် ယခုစာအုပ် (ကျနော့်အကြောင်း) မှာ ကျွန်တော်က အမှာ စာရေးပေးရမည်ဟု မေတ္တာရပ်ခံလာပါသည် ။ ကျွန်တော်က သူ တို့လို ထောင်အတွေ့အကြုံ မရှိသည့်အတွက် စာရေးဆရာ၏ ဘဝဖြတ် သန်းမှုနှင့် သူ့စာပေရသကိုပဲ ညွှန်းဆို ဖော်ပြမည်ဖြစ်သည် ။

စ ၁အ ု ပ ် မ ၂ ၁ အမှာ စာရေးခြင်း၊ စာအုပ်မိတ်ဆက်ပွဲမှာ မှဒိတာစကားပြောခြင်း ဆိုတာတွေမှာ ပုံစံ၊ သမားစဉ်ရှိသည် ။ စာရေး ဆရာအကြောင်း၊ စာအုပ်၏ အပြင်အဆင်၊ အကျအပေါက်၊ အမှားအယွ င်းနှင့် စာအုပ်ပါအကြောင်းအရာတို့ ၏ အနှစ်သာရနှင့် တန်ဖိုးတွေကို ဖော်ထုတ်ရေးသား ပြောဆို ကြရမြဲဖြစ်သည် ။ ကျွန်တော် အမှာ စာရေး ခွင့်ရသည့် ဒီစာအုပ်မှာ အထက်ပါ အစဉ်အလာတွေကို ဆန့်ကျင်ပြီး စာ ရေးဆရာ၏ ဘဝနှင့် စာပေအရည်အသွေးကို ဖော်ပြချင်သည် ။ စာအုပ် ထဲက စာတွေကို ဖတ်လျှင် သိနိုင်သည့်အတွက် စာအုပ်ထဲက အကြောင်း အရာတွေကို မပြောတော့ပါ၊ စာရေးဆရာ၏ အကြောင်းကိုသာ ပြောချ င်ပါသည် ။

လူဆိုး၊ လူမိုက်၊ ထောင်ထွက်ဘဝမှ စာရေးဆရာဖြစ်လာသည့် ဆ ရာအင်းစိန်အောင်အောင်စိုးကို ကမ်းကုန်လို့ ကုန်းပေါ်ရောက်လာသူလို့ ပြောလိုက်ချင်ပါသည် ။ သူ့မွေးဇာတာကို ကြည့်သည် ။ ၁၃၂၇ ခုနှစ်မှာ မွေးသည့် တနင်္ဂနွေသားဖြစ်လို့ သိုက်ဖွားဖြစ်နေသည် ။ ငယ်စဉ်က ဆင်းရဲချင် ဆင်းရဲမည် ဖြစ်သော်လည်း ကာလတစ်ခုမှာ ချမ်းသာ ချောင် လည်မည့် ဇာတာရှင်ဖြစ်သည် ။ အဖေချစ် သားဖြစ်လို့ ဖခင်၏ အကျိုး ကို ခံစားခဲ့ရသူဖြစ်သည် ။ မိခင်နှင့်ရှင်ကွဲ ကွဲခွဲနေရမည့်သူ ဖြစ်သည် ။ ဘေးဥပါဒ်ကြုံရမည်။ အမှုအခင်းဖြစ်မည်။ ဘာတွေပဲဖြစ်ဖြစ် ကာလတ စ်ခုမှာ ပြန်ကောင်းသွားမည့် ဇာတာရှင်ဖြစ်သည် ။ ဒါက မဟာဘုတ်အ ရ ဟာကွက်တွေဖြစ်သည် ။ မှန်ချင်လည်း မှန်မည်။ မှားချင်လည်း မှားမ

ည်။ ယခု စာဖတ်သူ၏ လက်ထဲတွင် ရောက်ရှိနေသည့် ဒီစာအုပ်ကို ဖတ်ကြည့်တော့မှ သူ့ဘဝဇာတ်ကြောင်းကို တစ်စိတ်တစ်ပိုင်း သိရသည် ။ ငယ်ဘဝမှာ နှလုံးသား အနာရခဲ့လို့ အနာမကျက်သည့် မသိစိတ်က တွန်းထိုးခိုင်းစေချက်အရ ဆိုးမိုက်ခဲ့ရတာကို သတိထားမိသည် ။ သူ့ဇာတာအရ ဆိုးမိုက်ခြင်းဟာ ထာဝစဉ်မဟုတ်ဘဲ ကာလတစ်ခုအထိသာ ဖြစ်မည်ဆိုတာ တွေ့ရသည် ။ သို့သော် ဇာတာနှင့်တွဲပါလာသည့် ဗီဇစရိုက်က မမှန်တာမလုပ်၊ မဟုတ်တာမပြော၊ ဘာကိုမျှမကြောက်၊ အမှန်တရား၏ ဘက်တော်သား၊ မတရားမှုတွေကို တော်လှန်မည့် သူရဲကောင်းအဖြစ်ဖြင့် ဆက်လက် ရှင်သန်နေဦးမည့်သူ ဖြစ်သည် ။

လူဆိုး၊ လူမိုက်၊ ထောင်ထွက်ဘဝမှ တန်ဖိုးရှိသည့်လူ စာရေးဆရာဖြစ်လာသည့် ဆရာအင်းစိန်အောင်စိုးသည် မြန်မာစာ အရေးကောင်းသူ ဖြစ်နေတာကို အံ့ဩဖွယ်ရာတွေ့ရသည် ။ သူ၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအရ မြန်မာစာ ရေးတတ် ဖတ်တတ်လောက်သာ ကျောင်းနေခဲ့သူ ဖြစ်ပါလျက် မြန်မာစာကို သဒ္ဒါမှန်အောင်၊ ဝါကျချောအောင် ရေးတတ်တာကို အံ့ဩမိပါသည် ။ စကားပြေသာမက ကဗျာကိုပင် စမ်းသပ် ရေးစပ်ထားတာတွေ ဖတ်ရသည် ။ သူ၏ ပထမစာအုပ်မှာ (အပြာရောင်ပေါ်က စားကျက်) ဒုတိယစာအုပ်မှာ (အမေ့သားလူဆိုး) ကဗျာတွေကို ဖတ်ရသည် ။ အသံမသာ၊ ကာရန်မမိလို့ ဂန္ထဝင်အဆင့်အထိ အရည်အသွေး မမီသေးသော်လည်း ခေတ်ပေါ် မော်ဒန်အဆင့်ထက် များစွာသာတာကို တွေ့ရသည် ။ ကျွန်တော်သည် ကဗျာဉာဏ်ရည် ပါရမီနည်းသူဖြစ်လို့ သူ့လောက် ကဗျာမစပ်တတ်တာကို ဝန်ခံပါသည် ။ လူဆိုး လူမိုက်၊ ထောင်ထွက်ကြီး ကိုအောင်စိုးသည် ကမ်းကုန်အောင် မိုက်ခဲ့ပြီးဖြစ်လို့ ကမ်းကိုလွန်မြောက်ပြီး ကုန်းပေါ်ကို ရောက်နေပါပြီ၊ ဆရာအင်းစိန်အောင်စိုး စာရေးဆရာ ဖြစ်သွားပါပြီလို့ ပြောချင်ပါသည်

။

ဆရာအင်းစိန်အောင်စိုးနှင့် ကျွန်တော် ပဋ္ဌာန်းဆက်ပါတာဖြစ်မည်။ သူ့ကို စပြီးတွေ့ဖူးသည့်အချိန်မှာ ကျွန်တော်သည် သူ့ကို လူဆိုး လူမိုက်လို့ မမြင်ဘဲ သတ္တိကောင်းသည့် လူမှန်၊ လူဖြောင့်တစ်ယောက်အဖြစ် လေးစားမိပါသည် ။ သူ စာရေးသည့်အခါ အကြောင်းအရာ ရွေးချယ်ပုံကလည်း ကျွန်တော်နှင့်တူနေပါသည် ။ သူက သူကျင်လည်ခဲ့သည့် ဘဝအကြောင်းကို ရေးသည် ။ ထောင်ကျဖူးသူတိုင်း ထောင်တွင်းက ဘဝအကြောင်းတွေကို မရေးတတ်သလို နိုင်ငံခြား သင်္ဘောလိုက်ဖူးသူတိုင်းလည်း နိုင်ငံခြားသင်္ဘောသား ဘဝတွေအကြောင်းကို မရေးတတ်ပါ။ သူနှင့် ကျွန်တော်တို့ ကတော့ မိမိတို့ ကျင်လည်ခဲ့ကြသည့် ဘဝအကြောင်းတွေကို ရေးနိုင်ကြတာ တူညီနေပါသည် ။ အံ့သြစရာကောင်းတာက ဆရာအင်းစိန်အောင်စိုး၏ ဇနီး မသင်းသင်းဆွေကလည်း ကျွန်တော့်စာဖတ်ပရိသတ် ဖြစ်နေခဲ့သည် ။

၁-၄-၂၀၁၈ နေ့က ဆရာအင်းစိန်အောင်စိုးနှင့် မသင်းသင်းဆွေတို့ တာမွေက ဆပ်သွားဖူးကျောင်းမှာ မင်္ဂလာဆွမ်းကျွေးပွဲလုပ်တော့ ကျွန်တော် တက်ရောက်ခဲ့ပါသည် ။ ကျွန်တော်သည် မတ်လ (၃၁) ရက်ညမှ ပြည်မြို့မှာ စာပေဟောနေခဲ့တာဖြစ်သည် ။ ဆရာအောင်စိုးရဲ့ မင်္ဂလာဆွမ်းကျွေးကို တက်ရောက်ချင်လို့ ပြည်မြို့က ညတွင်းချင်း ပြန်လာခဲ့ပါသည် ။ အိပ်ရေးမဝဘဲ မင်္ဂလာဆွမ်းကျွေးကို တက်ရောက်ခဲ့ပါသည် ။ သူတို့ ဇနီးမောင်နှံနှင့် ကျွန်တော် ပဋ္ဌာန်းဆက်ပါရုံသာမက ကံစပ်သည်လို့ တောင် ပြောရမည်ထင်သည် ။ မင်္ဂလာပွဲ တက်ရောက်နေစဉ်မှာ ထီဆိုင်က ဖုန်းဆက်သည် ။ သူတို့ ဆိုင်က ကျွန်တော်ထိုးခဲ့သည့် ထီလက်မှတ် (ဘ/၁၄၈၃၃၅) သည် ငါးသောင်းဆု ပေါက်သည့်အတွက် ဆုငွေလာထုတ်ပါဟု ဖုန်းဆက်သည် ။ သူတို့ ဇနီးမောင်နှံအတွက် မင်္ဂလာလက်ဖွဲ့

အဖြစ် နောက်ဆုံးထွက်သည့် ကျွန်တော့်စာအုပ်တွေ လက်ဖွဲ့ခဲ့ပါသည်။

ဆရာအင်းစိန်အောင်စိုး၏ ယခုစာအုပ်ထဲက စာတွေကိုသာ ဖတ်ကြပါ၊ ကျွန်တော် မပြောတော့ပါ၊ သူ့အကြောင်းကို သူကိုယ်တိုင်ရေးထားသည့် စာတွေဖြစ်လို့ သူ့အကြောင်းကို ပြည့်စုံစွာ သိခွင့်ရမည် ဖြစ်ပါသည်။ လူဆိုး၊ လူမိုက်၊ ထောင်ထွက်ကြီး ကိုအောင်စိုးသည် တန်ဖိုးရှိသည့်လူသား၊ စာရေးဆရာအင်းစိန်အောင်စိုး ဖြစ်သွားပြီမို့ ကမ်းကုန်လို့ ကုန်းပေါ်ရောက်သွားပြီလို့ ပြောချင်ပါသည်။

**အဏ္ဏဝါစိုးမိုး**

# ငါ့အဖေ

*ငယ်စဉ်ဘဝ၊ အဖေပြောပြတဲ့
အဖေ့အလုပ်က၊ ကူလီအောက်ဆင်း
ဘောတံတားရင်းက၊ ကြက်ခြင်းပေါ်မှာ
တစ်ထည် တစ်ထည်ခင်း၊ ပုဆိုးနွမ်းနဲ့
အိပ်စက်ခဲ့ရ အဖေဘဝတဲ့ ။

*ရင်နင့်စရာကောင်း၊ ပြန်ပြောင်းပြောပြ
ရန်ကုန်ဆိပ်ကမ်း၊ စဉ်းအိုးတန်းမှာ
ကုန်ထမ်းသမားအပေါင်း၊ ကူလီခေါင်းက
ဒီကုန်ကို မင်းထမ်း၊ တစ်ခြမ်းသော အသပြာ
တူညီဝေစု၊ ဆန္ဒပြုသတဲ့ ။ ။

*အိမ်ကိုပြန်သွား၊ ချစ်မယားနှင့်
တီတီတာတာ၊ သားသမီးတို့

စောင့်မျှော်ကြိုဆို၊ သူတို့ ဆိုသည်
မျက်နှာကိုမကြည့်၊ လက်ကိုကြည့်ပြီး
ဖေကြီး မုန့်တွေ ပါလာတယ်တဲ့ ။ ။

*တစ်နေ့ကုန်ပင်ပန်း၊ ကုန်ထမ်းခဲ့ရ
ကူလီဘောက်ဆင်း၊ အဖေ့စိတ်ရင်းဟာ
ရင်နစ်သည်းချာ၊ သွေးရင်းရတနာကို
မြင်လျှင်တစ်ခဏ၊ ဘဝင်ရွှင်ပြလို့
နွမ်းသမျှပြေပျောက်၊ စိတ်အထင်ရောက်သတဲ့ ။ ။

*အဖေရှိစဉ်က၊ ကျွန်တော်ဟာ လူဆိုး
အမျိုးရင်းတို့ ၊ မျက်နှာငယ်ရ
လူ့အောက်ကျသည် ၊ ကံတရားလှည့်ပြောင်း
အကြောင်းတရားကြောင့် ကျွန်တော်ဟာ လူကောင်း
သူရဲကောင်းဖြစ်၊ စာရေးဆရာဖြစ်သည်
အမှန်တရားဘက်တော်သား၊ အဖေ့ရဲ့ သားကို
အဖေတွေ့စေချင်လှ၊ တမလွန်က
ငါ့အဖေ...ငါ့အဖေ...ငါ့အဖေ...။ ။

ကျွန်တော့်ဖခင်ကြီးဟာ လူဆင်းရဲပေမယ့် စိတ်ဓာတ်ဆင်းရဲသူ တစ်ယောက် မဟုတ်ဘူး လို့ ကျွန်တော်သုံးသပ်မိတယ်။ ဘာကြောင့်လည်းဆိုရင် အဖေဟာ တိုက်၊ ကား၊ ရွှေငွေတွေ မရှိပေမယ့် သူ့အနားမှာ ရှိတဲ့ အဖေသိပ်ချစ်တဲ့ ကျွန်တော်တို့ အမေနဲ့ ကျွန်တော်တို့ မောင်နှမတွေဟာ အဖေ့ရဲ့ ဘဝ၊ အဖေရဲ့ စည်းစိမ်ဥစ္စာ၊ စိတ်ချမ်းသာ ပျော်ရွှင်မှုတွေလို့ အဖေက သတ်မှတ်ထားပုံရတယ်။

ဒီလိုစကားတွေ ပြောရတဲ့ အကြောင်းက အဖေဟာ သူဝတ်ဖို့ ၊ သူကောင်းစားဖို့ ၊ သူ သုံးဖို့ ကို ဘယ်သောအခါမှ ပြုလုပ်ခဲ့သူတစ်ယောက် မဟုတ်ဘူး ဆိုတာ ကျွန်တော် ငယ်စဉ်ကတည်းက ကောင်းကောင်း သိနေလို့ ပါ။ အဖေ ကုန်ထမ်း၊ ချယ်ဂါရီဆွဲ၊ လက်သမားလုပ်၊ ဖဲရိုက်၊ ဘယ်လိုအလုပ်ကို လုပ်သည် ဖြစ်စေ အဖေရှာသမျှငွေဟာ ကျွန်တော်တို့ မိသားစုအတွက်ဖြစ်ပြီး အဖေက သူ့အတွက်ဆိုတဲ့ စိတ်ထားမျိုး တစ်ကြိမ်တစ်ခါမှ မတွေ့ဖူးပါ။

အမေ လှလှပပဝတ်ထားရင် ကျွန်တော်တို့ မောင်နှမတစ်တွေ တောက်တောက်ပြောင်ပြောင် ဝတ်ဆင်ထားရင် အဖေက ကျေနပ်နေတဲ့ သူတစ်ယောက်ဆိုတာ ကျွန်တော် အခုလို အသက်ကြီးလာမှ ပိုသိလာတယ်။ ကျွန်တော် လူငယ်အရွယ် အလုပ်အကိုင်မဲ့နေချိန်တိုင်း တစ်နေကုန် သူငယ်ချင်းတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင် ည ၁၂ နာရီ၊ ၁ နာရီမှ အိမ်ပြန်လာပြီးအိပ်၊ မနက် ၈ နာရီ၊ ၉ နာရီမှ အိပ်ရာထပေမယ့် ကျွန်တော့်အိပ်ရာထဲမှာ ၊ ကျွန်တော့်ခြင်ထောင်ထဲမှာ ပိုက်ဆံ ၁၅ ကျပ် ၂၀ ကတော့


အမြဲ ရောက်နေတတ်တယ်။ ဒါဟာ အဖေက အမေ မသိအောင် နေ့စဉ် နီးပါး ကျွန်တော့်ကို မုန့်ဖိုး ခိုးပေးတာပါ။


အဲဒီခေတ်က ၁၅ ကျပ်၊ ၂၀ ကျပ်ဆိုတဲ့ ငွေတန်ဖိုးဟာ ကျွန်တော် တစ်နေကုန် သုံးစွဲလို့ ရပါတယ်။ ကျွန်တော် ထောင်တွေကျ၊ ရဲဘက်တွေထွက်တိုင်း အမေလာပို့သမျှ စားစရာနဲ့ ပိုက်ဆံတွေဟာ အဖေက အမေ့ကို နင့်သားဆီ သွားလေဆိုပြီး အမြဲ ရှာဖွေပေးခဲ့တာလို့ အမေကပြောပြတယ်။ အဖေ သက်ရှိထင်ရှားရှိစဉ်က ကျွန်တော် လူဆိုးဘဝနဲ့ ထောင်ထဲမှာ ပါ။ အခု ကျွန်တော် စာရေးဆရာ ဖြစ်နေပြီဆိုတာ တမလွန်က ကျွန်တော့်အဖေကို တွေ့စေချင်၊ မြင်စေချင်လိုက်တာ၊ အဖေ ဘယ်လောက်များ ကျေနပ် ပျော်ရွှင်နေမလဲဆိုတာ ကျွန်တော် တွေးရင်း စိတ်ကူးယဉ်မိတယ်။


ဖခင်တာဝန် ကျေပွန်တဲ့ ကျွန်တော့်အဖေကို ဒီစာ ဒီကဗျာနဲ့ အဖေ့ကျေးဇူးကို ဆပ်လိုက်ပါတယ်။ ကျွန်တော်ချစ်တဲ့ တမလွန်ဘဝက အဖေ ...။

**အင်းစိန် အောင်စိုး**


***





အမှတ်(၁)








အမှတ် (၂)


ရွှေတောင်တန်းတံတား
အမှတ် (၂)


လမ်မတော်တံတား
အမှတ်(၁)


လမ်းမတော်တံတား
အမှတ်(၂)



စဉ့်အိုးတန်းတံတား
အမှတ် (၁)


စဉ့်အိုးတန်းတံတား
အမှတ် (၂)
























# နိဒါန်း

ကျွန်တော့်ဘဝအကြောင်းကို သိချင်တဲ့ စိတ်ဝင်စားတဲ့ ကျွန်တော့်ရဲ့ စာဖတ်ပရိသတ်တွေက အကြိမ်ကြိမ် တောင်းဆိုမှုကြောင့် နောင်နှစ် အတော်ကြာမှ ရေးမယ်လို့ စိတ်ကူးထားတဲ့ ကျွန်တော့်ရဲ့ ဘဝတစ်သက်က

ဖြတ်သန်းမှုတွေထဲက ၉၀ ရာခိုင်နှုန်းသော ဖြစ်စဉ်ဖြစ်ရပ်တွေကို အမှန်အတိုင်း ထုတ်ဖော်ရေးသားပါမယ်။ အခြေခံလူတန်းစားလို့ စကားလုံးလုလု သုံးနှုန်းရေးဖွဲ့ထားတဲ့ ဆင်းရဲသားမိသားစုက မွေးဖွားကြီးပြင်းလာခဲ့တဲ့ ကျွန်တော့်အတွက် ငယ်စဉ်ကာလ ဘဝတစ်လျှောက်မှာ ကြုံတွေ့ခဲ့ရတဲ့ ဒုက္ခတွေကို စာဖတ်သူတွေ ခံစားနားလည်နိုင်အောင် ကျွန်တော် ရိုးရိုးရှင်းရှင်း ရေးသားပါမယ်။

လူဆိုတာ ကိုယ့်ကောင်းကြောင်းသာ ထုတ်ဖော်ပြောဆို ရေးသားချင်တာပါ။ ကိုယ့်မကောင်းကြောင်းတွေကို ဘယ်သူမှ မသိစေချင်၊ မရေးချင်တာက သာမန် လူအများ စုရဲ့ စိတ်နေသဘောထားပါ။ ကျွန်တော်လည်း ကျွန်တော့်မကောင်းကြောင်းတွေ မရေးချင်ပါဘူး။ ဒါပေမဲ့ ကိုယ့်ကောင်းကြောင်းတွေချည်းပဲရေးပြီး စာဖတ်သူတွေကို မလိမ်မညာချင်တဲ့ စိတ်က ပိုမိုအားသန်နေတာရယ်၊ နောင်မျိုးဆက်လူငယ်တွေ၊ ကျွန်တော့်စာတွေ၊ ကျွန်တော့်ဘဝအကြောင်းတွေ ဖတ်လို့ ကောင်းသောစိတ်ထား၊ မှန်ကန်တဲ့ အတွေးအမြင်တွေရရှိပြီး ဘဝကို ရဲရဲဝင့်ဝင့် ရင်ဆိုင်ဖြတ်သန်းနိုင်အောင် ကျွန်တော်ရေးတဲ့ စာတွေက မှန်ကန်ဖို့ ရိုးသားဖို့ လိုပါတယ်။ လူငယ်တွေ သင်ခန်းစာယူနိုင်အောင် စာဖတ်သူတွေ ဗဟု သုတရအောင် ကျွန်တော် အတတ်နိုင်ဆုံး ပွင့်လင်းစွာ ရေးပါမယ်။ ကျွန်တော့်ရဲ့ နိမ့်ကျစွာ နေထိုင်လုပ်ကိုင် စားသောက်ခဲ့ရမှု၊ အတန်းပညာအားနည်းမှု၊ အတွေးအခေါ် ညံ့ဖျင်းမှုတွေကြောင့် ပင်ပန်းဆင်းရဲစွာ မပြည့်စုံခြင်းအပေါင်းနဲ့ ပြည့်စုံခဲ့ သုခကင်းမဲ့တဲ့ ဒုက္ခတောမှာ ကိုယ်တိုင်ကြုံတွေ့ခဲ့တဲ့ အတိုင်း ရေးသားလိုက်ပါတယ်။

ယနေ့ခေတ်မှာ ဗန်းစကားအဖြစ် သုံးနှုန်းပြောဆိုနေတဲ့ (ဘဝသမား ) ဆိုတဲ့ စကားလုံးဟာ လူ့လောက လူ့ဘဝမှာ အဆင်းရဲဆုံး၊ အနိမ့်ကျဆုံး၊ စားဝတ်နေရေး အခက်ခဲဆုံးလူတွေကို ရည်ညွှန်းပြောဆို သုံးနှုန်း

တဲ့ စကားလုံးပါ။ ကျွန်တော် ငယ်စဉ်ဘဝ (၁၉၇၈) ခုနှစ် အချိန်ကာလတွေမှာ ကျွန်တော်ဟာ ဘဝသမားတစ်ယောက် ဖြစ်ခဲ့တယ်။ (၂၀၁၄) ခုနှစ်ထိအောင် ကျွန်တော့်ဘဝဟာ ကြမ်းတမ်းစွာ ဖြတ်သန်းရပ်တည်ခဲ့ရတယ်။ စာဖတ်သူတွေက ငါတော့ ဒုက္ခရောက်နေတယ်ကွာ၊ ပင်ပင်ပန်းပန်း၊ ဆင်းဆင်းရဲရဲ နေထိုင်လုပ်ကိုင် စားသောက်နေရတယ်။ ငါ့ဘဝဟာ ကံဆိုးလှပါလား၊ ဒီလို စိတ်ဓာတ်၊ ဒီလို အတွေးအမြင်တွေရှိနေပြီဆိုရင် ကျွန်တော့်ရဲ့ ဒီစာအုပ်လေးကို ဖတ်စေချင်တယ်။

ဘာကြောင့်လည်း ဆိုရင် စာဖတ်သူရဲ့ လက်ရှိဖြစ်ရပ် အခက်အခဲ ပြဿနာတွေ၊ ဒုက္ခတွေဟာ ကျွန်တော် ကြုံတွေ့ခံစားခဲ့ရတဲ့ စားသောက်ရမှု၊ အိပ်စက်ရမှု၊ နေထိုင်ရ လုပ်ကိုင်ရတဲ့ ဒုက္ခလောက် မကြီးမားဘူးလို့ ကျွန်တော်ကတော့ ထင်ပါတယ်။ ဘာကြောင့် ဒီလို ပြောဆို မရေးသားရတာလဲဆိုရင် စာဖတ်သူ ခင်ဗျား ဒီလိုကြုံခဲ့ဘူးသလားလို့ ကျွန်တော်က မေးချင်တယ်။

ခင်ဗျား ပန်းရံလုပ်စားဖူးသလား။

ခင်ဗျား လက်သမားလုပ်စားဖူးသလား။

ခင်ဗျား သံချိသံကွေး လုပ်စားဖူးသလား။

ခင်ဗျား မြေကြီးပေါက်စားဖူးသလား။

ခင်ဗျား အိမ်သာကျင်းတူးစားဖူးသလား။

ခင်ဗျား ဖရဲသီး ရောင်းစားဖူးသလား။

ခင်ဗျား ကြက်ပေါက်စလေးတွေ ရောင်းစားဖူးသလား။

ခင်ဗျား ဆိုင်ကားနင်းစားဖူးသလား။

ခင်ဗျား ဂုန်လျှော်ထုပ်တွေ ထမ်းဖူးသလား။

ခင်ဗျား မီးသွေးဆိုင်မှာ လုပ်ဖူးသလား။

ခင်ဗျား ငါးခြောက်ရောင်းစားဖူးသလား။

ခင်ဗျား ငုန်းခြံမှာ လုပ်ဖူးသလား။

ခင်ဗျား ကွန်ကရစ်ပိုက်စက်ရုံမှာ လုပ်ဖူးသလား။

ခင်ဗျား ထောင်ထဲမှာ စာအုပ်ငှားစားဖူးသလား။

ခင်ဗျား ထောင် ဘယ်နှကြိမ်ကျဖူးသလဲ။

ခင်ဗျား ထောင်ထဲမှာ ဟင်းရောင်းစားဖူးသလား။

ခင်ဗျား စစ်တပ်ထဲဝင်ဖူးသလား။

ခင်ဗျား ရထားသံလမ်းမှာ ခေါင်းတင် အိပ်ဖူးသလား။

ခင်ဗျား သင်္ချိုင်းကုန်းမှာ အိပ်ဖူးသလား။

ခင်ဗျား ကောက်ရိုးပုံမှာ အိပ်ဖူးသလား။

ခင်ဗျား သေနတ်မှန်ဖူးသလား။

ခင်ဗျား မိုင်းနင်းခဲ့ဖူးသလား။

ခင်ဗျား နွားတစ်ကောင်လို ချယ်ဂါရီ ဆွဲစားဖူးသလား။

ခင်ဗျား လူဆိုး လူမိုက်ဘဝနဲ့ ဆက်ကြေးကောက်စားဖူးသလား။

ခင်ဗျား ထောင်ထဲမှာ မိုက်ကြေးခွဲစားဖူးသလား။

စာဖတ်သူ ခင်ဗျား ဒီလိုအတွေ့အကြုံတွေ၊ ဒုက္ခမျိုးစုံတွေ မကြုံဖူး မခံစားဖူးဘူးဆိုရင် ခင်ဗျားရဲ့ လက်ရှိ နိမ့်ကျနေတဲ့ စိတ်ဓာတ်တွေ လုပ်ရ

ပ်တွေကို အချိန်မီ ပြုပြင်မြှင့်တင်လိုက်ပါ။ ငါ့အခြေအနေက အင်းစိန်အောင်စိုးလောက် မဆိုးပါလားဆိုပြီး စိတ်ကောင်းလေးဝင်ကာ အမြင်မှန်ရလို့ စိတ်ဓာတ်တက်ကြွလာရင် ကျွန်တော့်ဘဝအကြောင်း ထုတ်ဖော်ရေးသားရကျိုးနပ်ပါပြီ။

စာဖတ်သူအပေါင်းကို

လေးစားမှုဖြင့်

အင်းစိန်အောင်စိုး

# အခန်း (၁)

## ကျွန်တော် မွေးဖွားရာဒေသ

မြန်မာသက္ကရာဇ် ၁၃၂၇ ခုနှစ် တန်ဆောင်မုန်းလဆန်း တနင်္ဂနွေနေ့၊ ခရာဇ်သက္ကရာဇ် ၁၉၆၅ ခု၊ အောက်တိုဘာလမှာ မြန်မာပြည်ရဲ့ စပါးကျီလို့ တင်စားခေါ်ဆိုတဲ့ ဧရာဝတီတိုင်း မော်ကျွန်းမြို့နယ်၊ ကလင်းကျေးရွာမှာ ကျွန်တော့်ကို မွေးဖွားခဲ့တယ်လို့ မိဘနှစ်ပါးက ငယ်စဉ်ကာလကတည်းက ပြောကြားခဲ့တာကို ကျွန်တော် မှတ်သားခဲ့တယ်။ ကျွန်တော့်ရဲ့ ချက်မြုပ်ရာအရပ်ဖြစ်တဲ့ အဲဒီကျေးရွာလေးမှာ ကျွန်တော် ၁၀ လသားအရွယ်ထိ နေထိုင်ခဲ့ဖူးပြီး နောက်မှာ ကျွန်တော့်မိဘတွေဟာ ရန်ကုန်မြို့ကို ပြောင်းရွှေ့လာခဲ့တော့ ကျွန်တော်ဟာ ရန်ကုန်မြို့မှာ ပဲ ကြီးပြင်းလာခဲ့ရတယ်။

ကျွန်တော့်ရဲ့ မွေးဖွားရာ ဇာတိဒေသ ကျွဲတလင်းကျေးရွာလေးကို တစ်ကြိမ်တစ်ခါမှ ပြန်မရောက်တော့တာ ယခုအချိန်ထိပါပဲ၊ ရန်ကုန်မြို့ဆိုတဲ့ စကားလုံးကိုသုံးစွဲလို့ ရန်ကုန်သားအမည်ခံပေမယ့် တကယ် ကျွန်တော်တို့ နေတဲ့ နေရာက ရန်ကုန်မြို့ရဲ့ မြို့စွန်တစ်ခုဖြစ်တဲ့ အင်းစိန်မြို့နယ်မှာ ပါ။ တောကတက်လာတဲ့ ကျေးတောရွာသား မိဘနှစ်ပါးနဲ့ ကျွန်တော်ဟာ ကိုယ်ပိုင်အိမ်ခြံ မရှိသေးတဲ့ အတွက် ကျွန်တော့်အဖေရဲ့ အစ်ကိုဖြစ်သူအိမ်မှာ မျက်နှာငယ်စွာ အောက်ကျခံပြီး ကပ်နေရတယ်လို့ ဆိုတယ်။ မောင်နှမငါးယောက်မှာ အကြီးဆုံးဖြစ်တဲ့ ကျွန်တော်ဟာ မိဘ

တွေရဲ့ ရင်ဖွင့်သံကို ငယ်စဉ်ကာလမှာ ကတည်းက နှစ်အတန်ကြာ အကြိမ်ကြိမ် ကြားခဲ့ရတာ၊ မကြာခဏပါ ကျွန်တော့်ရဲ့ အဖေ၊ အမေနှစ်ဦးစလုံးဟာ တောသူတောသားတွေပါ။ အဖေကတော့ ဧရာဝတီတိုင်း မော်ကျွန်းဇာတိဖြစ်ပြီး အမေကတော့ ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် အဒါးကျေးရွာဆိုတဲ့ တောရွာလေးကပါ။

အဖေနဲ့ အမေဟာ ဒီလောက် ဝေးကွာတဲ့ နေရာတွေကနေ ဘယ်လိုဆုံစည်းပြီး ဘယ်လို ညားခဲ့ကြတယ်ဆိုတာတော့ ကျွန်တော်မမေးဘူးပါ ။ တစ်ခါတလေ အမေ့ကို ကျွန်တော်က အမေရယ် အဖေနဲ့ အမေ ဘယ်လိုများ တွေ့ပြီး ညားခဲ့ကြတာလဲမေးရင် အမေဟာ ငယ်စဉ်ဘဝကို ပြန်သတိရတဲ့ ပုံစံမျိုးနဲ့ ရှက်နေတဲ့ အမေ့ရဲ့ အမူအရာကို ကျွန်တော်သတိထားမိတယ်။ ကျွန်တော့်အမေဟာ အသားလတ်လတ်နဲ့ မိန်းမချောတစ်ယောက်ပါ။

ကျွန်တော် မှတ်မိသလောက်ကတော့ အမေဟာ ကျွန်တော်တို့ မောင်နှမငါးယောက် မွေးပြီးတာတောင်မှ တော်တော်လှနေတုန်းဆိုတာ ကျွန်တော် ကောင်းကောင်း အမှတ်ရနေမိတယ်။ ကျွန်တော့်အဖေကတော့ ဆံပင်ကောက်ကောက်နဲ့ ၊ မျက်နှာမှာ ကျောက်ပေါက်ခွက်လေးတွေရှိပြီး ရုပ်ဆိုးပါတယ်။ ဒါကြောင့် ကျွန်တော့်အမေကို မေးမိတယ်။ အမေက လှပြီး အဖေက ရုပ်ဆိုးတာ ဘယ်လိုများ ကြိုက်သွားတာလဲဆိုရင် အမေက "ဟဲ့...နင့်အဖေ ငယ်ငယ်က ဒီလိုရုပ်မဆိုးဘူး၊ အသက်ကြီးမှ ဒီပုံဖြစ်သွားတာ" ဆိုပြီး သူ့ယောကျ်ားဘက်က ဘက်လိုက် ကာကွယ်ပြောဆိုတာကို ကျွန်တော် ကောင်းကောင်း မှတ်မိနေတယ်။

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ပန်းခြံလမ်းက အဖေ့မစ်ကို အ ၀ မ ၀ မ ၂၁ မီခိုကပ်ရပ်နေရင်း ငွေမရှိ အတန်းပညာမရှိတဲ့

ဘုန်းကြီးကျောင်းထွက် သေစာရှင်စာအဆင့်လောက်သာ စာရေးတတ်၊ ဖတ်တတ်တဲ့ ကျွန်တော့် အမိအဖနှစ်ပါးဟာ စားဝတ်နေရေးအတွက် မရှင်းရာမှာ တော့ အမေဟာ ၁၁ လသားအရွယ် ကျွန်တော့်ကို ထိန်းကျောင်းရင်း အိမ်မှာ ချက်ပြုတ်လို့ မှီခိုသူအဖြစ် ရပ်တည်ကာ စက်မှုလက်မှု အတတ်ပညာ ဘာမှ မတတ်တဲ့ အဖေကတော့ ကျွန်တော့်ဘကြီးတွေနဲ့ အတူ ရန်ကုန်ဆိပ်ကမ်းမှာ (ကူလီ) ထမ်းရတယ်လို့ ဆိုတယ်။

(ကူလီထမ်းတယ်ဆိုတာ ဆိပ်ကမ်းမှာ သင်္ဘောတွေ ဝင်ရောက်လာရင် ကုန်ပစ္စည်းတွေ ထမ်းတင်ရသလို ထွက်ခွာမယ့် သင်္ဘောတွေရဲ့ ကုန်ပစ္စည်းတွေကိုလည်း သင်္ဘောဝမ်းဗိုက်ထဲကို ထမ်းပိုးပြီး ချပေးရတာပါ။)

အရင်ခေတ်က ဧရာဝတီတိုင်းတစ်ခုလုံးကို ခရီးသွားမယ်၊ ကုန်ပစ္စည်းတွေ တင်ပို့မယ်ဆိုရင် ရန်ကုန်ဆိပ်ကမ်းကနေ ကုန်ပစ္စည်းတွေ တင်ပို့ခြင်းပြုလုပ်ရသလို ဧရာဝတီတိုင်း မြို့အနှံ့က ဆန်တွေ၊ ပုစွန်ခြောက်၊ ငါးခြောက်မျိုးစုံတွေ ရန်ကုန်ကို တင်ပို့မယ်ဆိုရင်လည်း ရေလမ်းခရီးစဉ်တစ်ခုသာ ရှိတာပါ။ ဒါကြောင့် ရန်ကုန်ဆိပ်ကမ်းတစ်လျှောက်မှာ မိုးလင်းမိုးချုပ် ခရီးသွားလာသူတွေ၊ ကုန်သည် တွေ၊ အလုပ်သမားတွေ၊ ဈေးသည် တွေနဲ့ ကြက်ပျံမကျ နေ့စဉ် စည်ကားခဲ့တာကို ယနေ့အချိန်မှ အသက် ၄၀ ကျော် အရွယ်ရှိသူ အချို့သာ မှီမှာ ပါ။ ဒီခေတ် ဒီအချိန်မှာ ဧရာဝတီတိုင်းသာမက မြန်မာပြည်အနှံ့ ရေလမ်း ကုန်းလမ်းသွားချင်သလို သွားလို့ ရနေပြီဖြစ်သလို ကုန်ပစ္စည်းတွေကိုလည်း ကုန်လမ်းကသာ သယ်ယူ ပို့ဆောင်နေကြပြီဖြစ်တဲ့ အတွက် တစ်ချိန်က တစ်နေကုန် စည်ကားခဲ့တဲ့ ရန်ကုန်ဆိပ်ကမ်း တစ်လျှောက်ဟာ အခုတော့ နေ့/ည တိတ်ဆိတ်စွာ တည်ရှိနေတာကို ကျွန်တော် မြင်တွေ့နေရတယ်။

အရင်တစ်ချိန်က ခရီးသည် တွေ၊ ဈေးသည် တွေ၊ အလုပ်သမားတွေ

နဲ့ မိုးမလင်းခင်အချိန်ကနေ ညနေ မှောင်ချိန်ထိအောင် လူတွေ ပျားပန်းခတ်မျှ စည်ကားခဲ့တဲ့ စဥ့်အိုးတန်းဘောတံတား အမှတ် (၁)၊ အမှတ် (၂)၊ လမ်းမတော်ဘောတံတား အမှတ် (၁)၊ အမှတ် (၂)၊ ရွှေတောင်တန်းဘောတံတား အမှတ်(၁) အမှတ် (၂)၊ ဘုန်းကြီးလမ်း ဘောတံတား အမှတ် (၁)၊ အမှတ် (၂)၊ လှည်းတန်းဘောတံတား အမှတ် (၁) အမှတ် (၂)ဆိုတဲ့ နေရာတွေမှာ သာမက အခြားဆိပ်ကမ်း ဘောတံတားတွေမှာ ဇင်ပြာရောင် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ထားပြီး ဆိပ်ကမ်း ကုန်တင်ကုန်ချ ပြုလုပ်ဖို့ အတွက် အစိုးရက တရားဝင်အသိအမှတ်ပြု ဖွဲ့စည်းတည်ထောင်ပေးထားတဲ့ အလုပ်ကြမ်းသမားဂိုဏ်းတွေ၊ ဆိပ်ကမ်းဘောတံတားတိုင်းမှာ နေ့ဂိုဏ်း၊ ညဂိုဏ်း ခွဲခြားတည်ရှိခဲ့တယ်။

ဒီလို တရားဝင် ဆိပ်ကမ်းကုန်တင်ကုန်ချ အလုပ်ဂိုဏ်းတွေ၊ ဆိပ်ကမ်းဘောတံတားတိုင်းမှာ တည်ရှိနေကြသလို ထိုတရားဝင် အစိုးရအသိအမှတ်ပြု အလုပ်သမားတွေက သူတို့ မထမ်းချင် မလုပ်ချင်တဲ့ ကုန်ပစ္စည်းဆိုရင် (တရားမဝင်တဲ့ ကူလီဘောက်ဆင်းလို့ ခေါ်တဲ့ ) ပုံကျအလုပ်ကြမ်းသမားဖြစ်တဲ့ ကျွန်တော့်အဖေတို့လို လူမျိုးတွေကို လုပ်ခိုင်းပါတယ်။ လုပ်အားခနဲ့ ညီမျှတဲ့ ငွေကြေးတော့ မရရှိကြပါ။ ဥပမာ အဲဒီခေတ်အချိန်အခါက ကုန်ထမ်းလို့ ရရှိတဲ့ ငွေကြေးကို ဆိပ်ကမ်း အလုပ်သမားဂိုဏ်းခေါင်းဆောင်က တစ်ဝက်ခွဲယူပါတယ်။ မိမိလုပ်အားနဲ့ ပင်ပန်းကြီးစွာ နွားတစ်ကောင်လို ထမ်းပိုးလို့ ရတဲ့ လုပ်အားခကို တစ်ဝက်ဖြတ်ယူတာတောင်မှ ကျေးဇူးရှင်ကြီးလို သဘောထားဆက်ဆံပြီး ဒီလိုလေး ထမ်းပိုး လုပ်စားခွင့်လေးရတာကိုပဲ ကျေနပ်စွာ ပြောတတ်တဲ့ အဖေ့ကို ကျွန်တော့်ရင်ထဲမှာ စွဲထင်စွာ မှတ်မိနေတယ်။

အဖေနဲ့ အမေဟာ ၃ နှစ်ခန့် သူများ အိမ်မှာ မျက်နှာငယ် အောက်ကျ ခံနေထိုင်ပြီး ငွေစုခဲ့ကြတာ (၁၉၆၉) ခုနှစ် ကျွန်တော့်အသက် (၄) နှစ်ခန့်မှာ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက် ဂျပန်လမ်းမှာ (ကိုယ်ပိုင်မြေကွက်) တစ်ကွက် ဝယ်နိုင်ခဲ့ပါတယ်။ (၁၉၆၉) ခုနှစ်က အနံ ပေ ၄၀ ၊ အလျား ပေ ၉၀ ရှိတဲ့ အဲဒီမြေကွက်ရဲ့ တန်ဖိုးက ငွေကျပ် ၃၆၀ ပေးရတယ်လို့ မိဘနှစ်ပါးက ပြောပြလို့ သိရပါတယ်။ အဲဒီအချိန် ကျွန်တော့်မှာ ညီမလေးတစ်ယောက် ရနေပါပြီ။

အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက်ကနေ အင်းစိန်မြို့နယ် ရွာမအရှေ့ရပ်ကွက်ကို အိမ်ပြောင်းချိန်မှာ ကျွန်တော်တို့ မိသားစုဟာ အိမ်ထောင်ပစ္စည်း ပရိဘောဂအနည်းငယ်နဲ့ အတူ နွားလှည်းစီးလို့ အိမ်ပြောင်းခဲ့တာကို ကျွန်တော် ကောင်းစွာမှတ်မိတယ်။ နွားလှည်းစီးရတာ ပျော်လွန်းလို့ ပါ။ သူတစ်ပါးအိမ်မှာ အောက်ကျခံ မျက်နှာငယ်စွာ ခိုကပ်နေတဲ့ ဘဝကနေ မိမိတို့ အိုးပိုင်အိမ်ပိုင်နဲ့ နေရလို့ ထင်ပါတယ်။ ကျွန်တော့်ရဲ့ မိဘနှစ်ပါး ရွှင်လန်းတက်ကြွနေတာကို ကျွန်တော် မှတ်မိသလို ခံစားရတယ်။ ကိုယ်ပိုင် မြေကွက်၊ ကိုယ်ပိုင် တဲအိမ်လေးနဲ့ ပျော်ရွှင်စွာနေရင်း အဖေနဲ့ အမေ့ရဲ့ ချစ်ခြင်းမေတ္တာကို ခံစားရင်း ကျွန်တော့်အသက် ၅ နှစ်ပြည့်ချိန်မှာ မိဘတွေက ကျွန်တော့်ကို ကျောင်းထားဖို့ စီစဉ်ပါတော့တယ်။

(၁၉၇၁) ခုနှစ်ဆိုတဲ့ အချိန်ကာလမှာ ကျွန်တော်တို့ နေထိုင်တဲ့ ဂျပန်လမ်းဟာ တော်တော်ကို ခေါင်ပါတယ်။ လူသွားလူလာ အရမ်းရှင်းသလို မကြာခဏ ဓားပြတိုက်ခြင်း၊ လူသတ်ခြင်း အမှုမျိုးတွေကိုလည်း ကလေးဘဝကတည်းက လူကြီးတွေ ပြောပြောနေကြတာကို အကြိမ်ကြိမ် နားရည်ဝခဲ့တယ်။ ရေချိုးဖို့ ရေ၊ ချက်ပြုတ်သုံးစွဲဖို့ ရေကို ခြံထဲမှာ ရေတွင်းတူးလို့ ခပ်ယူသုံးကြပေမယ့် သောက်ရေကိုတော့ တစ်ရပ်ကွက်လုံး

ဘုန်းကြီးကျောင်းမှာ သွားရောက်သယ်ယူပြီး သောက်ကြရတယ်။ ကျွန်တော် အသက်နှစ်ဆယ်ကျော်အထိအောင် အဲဒီဘုန်းကြီးကျောင်းက သောက်ရေကို ခပ်ခဲ့ရတယ်။

နွေရာသီနဲ့ ဆောင်းရာသီမှာ သွားလာရေး ခြောက်သွေ့ပေမယ့် မိုးရာသီ ဆိုရင်တော့ အိမ်ပေါ်ကနေ ငါးမြှားလို့ ရပြီး ငါးဇင်ရိုင်းတွေ အလွန်ပေါတာကို အမှတ်ရမိတယ်။ မိုးရွာလိုက်တာနဲ့ ဗွက်ထနေတဲ့ ဒူးဆစ်ထိအောင်မြုပ်တဲ့ ဗွက်တောထဲမှာ နှစ်အတန်ကြာ ဖြတ်သန်းခဲ့ရတယ်။

***

## တောင်ကုန်းကျောင်းသို့

မိုးရာသီအစ စာသင်ကျောင်းတွေ ကျောင်းအပ်လက်ခံချိန်မှာ အမေက ကျွန်တော့်လက်ကိုဆွဲလို့ မိနစ် ၃၀ ကျော် ဗွက်တောထဲမှာ လမ်းလျှောက်ပြီး ကျွန်တော့်ကို ကျောင်းတက်ရမယ်၊ ပညာတတ်ကြီးဖြစ်အောင် ကြိုးစားရမယ်၊ ဒါမှ ငါ့သား မင်းအဖေလို ပင်ပင်ပန်းပန်း လုပ်မစားရမှာ ၊ ပညာတတ်အောင် သင်ပါဆိုတဲ့ စကားတွေ တတွတ်တွတ်ပြောရင်း ဗွက်တောထဲမှာ သားအမိနှစ်ယောက် လမ်းလျှောက်ခဲ့ရတာကို အခုအချိန်ထိ ကောင်းစွာ အမှတ်ရမိတယ်။

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်မှာ တည်ရှိတဲ့ အခြေခံပညာ မူလတန်းကျောင်း အ.မ.က ၂၇ ဆိုတဲ့ တောင်ကုန်းကျောင်းလေးမှာ အမေက ကျောင်းအပ်ပြီးချိန်ထိ ဘာပြဿနာမှ မရှိသေးပါ။ ခနိမိုး၊ ထရံကာ၊ ရှေ့

မျက်နှာစာမှာ နှစ်တစ်လက်မ သစ်သားချောင်းလေးတွေ ခပ်ကျဲကျဲစီ ရိုက်ထားတဲ့ အတွက် စာသင်ခန်းထဲကနေ အမေ့ကို ကြည့်နေချိန်မှာ အမေက ငါ့သား အမေပြန်တော့မယ်၊ ညနေ ကျောင်းဆင်းရင် အိမ်ကို ပြန်တတ်တယ်မလား၊ လမ်းထဲက အခြားကလေးတွေလည်း ရှိတာပဲ၊ သူတို့နဲ့ အတူ သား ပြန်လာခဲ့ပေါ့လို့ အမေက ပြောချိန်မှာ ကျွန်တော် ခေါင်းညိတ်နေပေမယ့် ကျွန်တော့်မျက်နှာက ငိုမဲ့မဲ့ဖြစ်နေပါပြီ။

အဲဒီအချိန်မှာ ဆရာမက အားလုံး မတ်တတ်ရပ်မယ်၊ ကမ္ဘာမကျေဆိုမယ်ပြောလိုက်တော့ အခြားကလေးတွေနည်းတူ ထိုင်ရာကထရင်း အမေ့ကို လှမ်းကြည့်ချိန်မှာ ပြန်ဖို့ ဟန်ပြင်နေတဲ့ အမေ့ကိုကြည့်ရင်း အမေ့ကိုမခွဲနိုင်တဲ့ ကျွန်တော် အားရပါးရငိုပါတော့တယ်။ ပထမဆုံး ကျောင်းစတက်တဲ့ နေ့မှာ အမေ့ကို ကျွန်တော်မခွဲနိုင်လို့ ငိုတာနဲ့ ကမ္ဘာမကျေသီချင်းလည်း မဆိုနိုင်ခဲ့တဲ့ အဖြစ်ကို ဘယ်တော့မှ မေ့မရပါဘူး။

အခြေခံပညာမူလတန်းကျောင်း အမှတ် ၂၇ မှာ သူငယ်တန်းကနေ ဒုတိယတန်းအထိရောက်ခဲ့ပေမယ့် အတန်းတင်စာမေးပွဲ ဖြေဆိုချိန်မှာတော့ အပြင်းအထန်ဖျားတဲ့ ကျွန်တော် နေမကောင်းတဲ့ အတွက် စာမကျက်နိုင်ဘဲ စာမေးပွဲဖြေလိုက်တာ မဖြေနိုင်တော့အောင် စာရင်းထွက်ချိန်မှာ စာမေးပွဲ ကျပါတော့တယ်။ ဒါကြောင့် ဒုတိယတန်းကို ဒုတိယနှစ် ဆက်လက်တက်ရတယ်။ ဒီနှစ်မှာ တော့ အမေက ကျွန်တော့်ကို မက်လုံးပေးလိုက်ပါတယ်။

ငါ့သား ဒီနှစ် စာမေးပွဲအောင်ရင် သားကို အမေပတ်ထားတဲ့ လက်ပတ်နာရီပေးမယ်လို့ ပြောထားတဲ့ အတွက် ကျွန်တော် အမေ့ရဲ့ လက်ပတ်နာရီလေးကို လိုချင်စိတ်နဲ့ စာမေးပွဲဖြေလိုက်တာ အောင်စာရင်းထွက်ချိန်မှာ ကျွန်တော် စာမေးပွဲအောင်တယ်။ ဒါကြောင့် ဒုတိယတန်းကို ဒုတိ

ယနေ့စ်မှာ အောင်တဲ့ ကျွန်တော့်ကို အမေက ဆုအဖြစ် အမေ့လက်က လက်ပတ်နာရီလေးကို ချွတ်ပြီး ပေးတယ်။

ငယ်စဉ်ဘဝရဲ့ ပျော်ရွှင်ခဲ့ရတဲ့ မမေ့နိုင်စရာ ဆုတစ်ခုပါ။ အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သီတာလမ်းမှာ တည်ရှိတဲ့ အ.မ.က ၂၇ မူလတန်းကျောင်းလေးကို အဲဒီအနီးနားတစ်ဝိုက်က လူတွေအားလုံးဟာ တောင်ကုန်းကျောင်းလို့ ခေါ်ဆိုကြတယ်။ ဘာကြောင့်လည်း ဆိုရင် ဒီစာသင်ကျောင်းလေးဟာ မြေပြန့်မှာ တည်ရှိတာမဟုတ်ဘဲ တောင်ကုန်းလေးတစ်ခုပေါ်မှာ ကျောင်းဆောက်လုပ်ထားတာဖြစ်တဲ့ အတွက် နယ်မြေခံတွေက တောင်ကုန်းကျောင်းလို့ သာ နားလည်မှုနဲ့ ခေါ်ဆိုကြတာ။ ဆယ်စုနှစ် အတန်ကြာခဲ့ပါပြီ။ ကျွန်တော် သူငယ်တန်းကနေ ၄ တန်းထိ ၆ နှစ်ကြာ ပညာသင်ကြားခဲ့ဖူးတဲ့ ဒီတောင်ကုန်းကျောင်းလေးမှာ ငယ်စဉ်ဘဝက အတူတူ ကျောင်းတက်ခဲ့ကြတဲ့ သူတွေထဲက တချို့သောသူတွေကို ယခုအချိန်ထိ သူတို့ ရဲ့ နာမည်တွေကို မှတ်သားထားခြင်းမရှိပေမယ့် အမှတ်ရနေတယ်။ မြင့်အောင်၊ မြင့်ကျော်၊ ဖိုးလုံး၊ အောင်မိုး၊ အောင်ကြိုင်၊ သောင်းဌေး၊ သိန်းစိုး၊ ကျော်နိုင်၊ ဝင်းနိုင်ဆိုတဲ့ ကျွန်တော့်ရဲ့ မူလတန်းကျောင်းက ငယ်သူငယ်ချင်းတွေကို ယနေ့အချိန်ထိ သတိရနေမိတယ်။

ရန်ကုန်တိုင်း အင်းစိန်မြို့နယ်ရဲ့ ချောင်ကြိုချောင်ကြားက မူလတန်းကျောင်းလေးမှာ ငယ်စဉ်ဘဝ ပညာစ, သင်ခဲ့တဲ့ ကျွန်တော်တို့ အုပ်စုထဲက တစ်ယောက်ကတော့ တနင်္သာရီတိုင်းမှာ ဝန်ကြီးအဆင့် တာဝန်ထမ်းဆောင်နေသူတစ်ယောက် ထွက်ပေါ်လာသလို အခုအချိန်မှာ ကျွန်တော်လည်း နိုင်ငံတော်အသိအမှတ်ပြု တရားဝင် စာရေးဆရာတစ်ယောက်အဖြစ် ရပ်တည်နေပါပြီ။

ကျွန်တော် ဒီစာ၊ ဒီအကြောင်းအရာတွေကို ရေးသားပြုခြင်းဟာ ရန်

ကုန်တိုင်း မြို့စွန်က မထင်ရှားတဲ့ မူလတန်းကျောင်းလေးမှာ ပညာသင်ကြားခဲ့ကြသူတွေထဲက ကျွန်တော်တို့လို ထွန်းတောက်လာသူတွေ ရှိတယ်ဆိုတာကို တစ်ချိန်က ကျွန်တော်တို့ ကို ပညာသင်ကြားခဲ့တဲ့ ဆရာတွေ၊ ဆရာမတွေ သိစေချင်၊ တပည့်တွေအတွက် ဂုဏ်ယူစေချင်တာကတစ်ပိုင်း၊ နောင်လာနောင်သားတွေဖြစ်တဲ့ ယခုအချိန်မှာ ပညာသင်ယူနေတဲ့ အနာဂတ် မျိုးဆက်သစ် လူငယ်မောင်မယ်တွေကို သိစေချင်တာက ငွေကောင်းကောင်း ပေးနိုင်တဲ့ ပုဂ္ဂလိကကျောင်းမှာ မြို့ထဲက နာမည်ကြီးကျောင်းမှာ အတန်းပညာသင်ယူမှ ပညာတတ်တာ ထူးချွန်ထက်မြက်တာမဟုတ်ဘဲ သာမန် စာသင်ကျောင်းလေးတွေမှာ ပညာသင်ရင်လည်း ရာထူးကြီးမား ဂုဏ်သိက္ခာကြီးမားတဲ့ သူတွေ ပေါ်ထွက်လာတယ်ဆိုတာကို အခြေခံလူတန်းစား မျိုးဆက်သစ်တွေ သိရှိစေချင်လို့ ၊ အားကျစေချင်လို့ ဒါတွေကို ရေးပြခြင်းဖြစ်တယ်။

တောင်ကုန်းကျောင်းလေးမှာ စတုတ္ထတန်းထိ ပညာသင်ကြားခဲ့တဲ့ ကျွန်တော် စတုတ္ထတန်း အောင်မြင်ချိန်မှာ ကျောင်းပြောင်းရပါတော့မယ်။

***

## အ.လ.က (၁၁) သို့ ပြောင်းရွှေ့ခြင်း

(၁၉၇၇) ခုနှစ်ဆိုတဲ့ အချိန်ကာလအထိအောင် ကျွန်တော်တို့ အင်းစိန်မြို့နယ်မှာ ပညာသင်ကြားနေတဲ့ မူလတန်း၊ အလယ်တန်း၊ အထက်တ

န်းဆိုတဲ့ ကျောင်းသူကျောင်းသားတွေကို မိဘတွေက ကျောင်းပို့ခြင်း၊ ကျောင်းကြိုခြင်း မရှိသေးပါဘူး။ အဲဒီခေတ်၊ အဲဒီအချိန်ကာလက မော်တော်ကားဆိုတာ အင်မတန် နည်းပါးလွန်းတဲ့ အတွက် ဘာယာဉ်အန္တရာယ်မှ လည်း မရှိပါဘူး။ ဒါကြောင့် မူလတန်းကျောင်းမှာ ကတည်းက ကိုယ့်ဘာသာ ကျောင်းသွားကျောင်းပြန် လုပ်ခဲ့တဲ့ ကျွန်တော် အခု အလယ်တန်းကျောင်းသားဘဝမှာ အိမ်ကနေ ကျောင်းကို မိနစ် ၄၀ ခန့် လမ်းလျှောက်သွား၊ လမ်းလျှောက်ပြန်လို့ သူငယ်ချင်းတွေနဲ့ ကျောင်းသွားကျောင်းပြန် လုပ်ရမှာ ပါ။

မိုးရာသီအစ ကျောင်းတွေဖွင့်ချိန်မှာ အမေက ကျောင်းလိုက်အပ်ပေးတယ်။ ဖော့ကန်ရပ်ကွက်ရဲ့ ဈေးအနောက်ဘက်မှာ တည်ရှိတဲ့ အခြေခံပညာ အလယ်တန်းကျောင်း အမှတ် ၁၁ မှာ ပါ။ ကျောင်းသားဦးရေအရ အခန်းတွေခွဲတဲ့ အခါ ကျွန်တော့်အခန်းဟာ A လား၊ B လား၊ C လား မမှတ်မိတော့ပေမယ့် ကျွန်တော့်တို့ ရဲ့ အတန်းပိုင်ဆရာမဟာ (ဒေါ်မြသီ) ဆိုတာကိုတော့ မှတ်မိပါတယ်။

ဆရာမ ဒေါ်မြသီဟာ မြန်မာစာဆရာမဖြစ်ပြီး တည်တည်ကြည်ကြည် သွားလာ ပြောဆိုနေထိုင်တဲ့ ဆရာမတစ်ယောက်ပါ။ ဆရာမဟာ အိမ်ထောင်သည် တစ်ယောက်ဖြစ်ပြီး သူ့ရဲ့ အမျိုးသားဟာ လည်း ကျွန်တော်တို့ ကျောင်းက ဆရာတစ်ယောက်ပါ။ နာမည်ကိုတော့ တိတိကျကျ မမှတ်မိလို့ မရေးတော့ပါဘူး။ ကျောင်းအုပ်ဆရာကြီးကတော့ ဦးကြည်အောင်ဖြစ်ပြီး အင်္ဂလိပ်စာသင်တဲ့ ဆရာမကတော့ ခင်ညိုဆိုတာ မှတ်မိပါတယ်။ အခြားဆရာ ဆရာမတွေရဲ့ အမည်တွေကို မမှတ်မိတော့ပေမယ့် ကျောင်းအုပ်ဆရာကြီး ဦးကြည်အောင်ရဲ့ သမီးကြီး ဆယ်တန်းဖြေဆိုထားပြီး အောင်စာရင်းထွက်ချိန်ကို စောင့်နေကာ ကျွန်တော်တို့ ၅ တန်းကျောင်းသူ ကျောင်းသားတွေကို လုပ်အားပေး ဆရာမအနေနဲ့ စာပြ

ပေးတာကို မှတ်မိနေသလို သမီးအငယ်ဖြစ်တဲ့ ၇ တန်းကျောင်းသူ မမာလာတို့ ကိုတော့ ကောင်းကောင်း မှတ်မိနေတယ်။

ကျွန်တော့်ရဲ့ မိဘနှစ်ပါးဟာ တောသူတောသား ဘုန်းကြီးကျောင်းထွက်တွေ ဖြစ်တဲ့ အတွက် ကျွန်တော့်ပညာရေးကို မေးမြန်းခြင်း၊ သင်ကြားခြင်း မပြုနိုင်ကြပါဘူး။ မြန်မာစာကိုတောင် မနည်းသင်ယူနေရတဲ့ ကျွန်တော် အင်္ဂလိပ်စာကို လုံးဝမရပါ။ ဒါကြောင့် အင်္ဂလိပ်စာဆရာမ ဒေါ်ခင်ညို စာသင်ချိန်ရောက်မှာ ကို နေ့စဉ် ကြောက်နေပါတယ်။ ဆရာမဟာ အင်္ဂလိပ်စာ အသင်အပြကောင်းပြီး စကားပြော အလွန်မြန်ပါတယ်။ ဉာဏ်ထိုင်းတဲ့ ကျွန်တော်ဟာ ဆရာမ သင်ပြ ပြောဆိုတာကို နားထောင်ကောင်းလို့ အမြဲ ငေးကြည့်နေတာကလွဲပြီး စာမေးရင်တော့ ဘယ်သောအခါမှ မဖြေနိုင်ပါ။

ဒါကြောင့် မြန်မာစာဘာသာ၊ အင်္ဂလိပ်စာဘာသာ၊ သင်္ချာဘာသာ၊ သမိုင်းဘာသာ၊ ပထဝီဘာသာ ဘာတစ်ခုမှ မရတဲ့ ကျွန်တော် ပဥ္စမတန်း ပထမနှစ်မှာ စာမေးပွဲကျတယ်။ မအောင်မှာ သေချာတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သိပေမယ့် စာမေးပွဲမဖြေနိုင်တာ မိဘတွေကို မပြောရဲသလို ကျွန်တော် စာမေးပွဲကျမှာ သေချာတယ်ဆိုတာ အောင်စာရင်း သွားကြည့်စရာမလိုဘူးဆိုတာ မိခင်၊ ဖခင်တွေကို မပြောရဲပါ။ ဒီလိုနဲ့ ပဥ္စမတန်း၊ ဒုတိယနှစ်မှာ ဆရာမ ဒေါ်မြသီရဲ့ အခန်းမှာ ပဲ ထပ်မံနေထိုင်ရတယ်။ လူဆိုတာ ကိုယ့်အကြောင်းကိုယ် အသိဆုံးပါ။ ပညာရေးမှာ ပါရမီမပါတဲ့ ကျွန်တော်၊ ဉာဏ်ထိုင်းတဲ့ ကျွန်တော်၊ တစ်နေ့ထက်တစ်နေ့ စာသင်ရမှာကို ကြောက်နေချိန်မှာ အလွန်အရှက်ရစရာ အကြောင်းကိစ္စတစ်ခု ဖြစ်ပေါ်လာတယ်။ တစ်နေ့ အတန်းပိုင်ဆရာမ ဒေါ်မြသီဟာ ကျောင်းစာတစ်ပုဒ် ကျွန်တော့်ကို မေးပါတယ်။

မထင်မှတ်ချိန်မှာ မေးလိုက်တဲ့ အတွက် ကျွန်တော် စာကို ပြည့်ပြည့် စုံစုံ ပြန်လည် မဖြေဆိုနိုင်ပါဘူး။ အဲဒီအချိန်မှာ ဆရာမဟာ ဒေါသထွက်ပြီး ကျွန်တော့်ကို မတ်တတ်ရပ်ခိုင်းတယ်။ မတ်တတ်ရပ်ပြီး ချိန်မှာ ဆရာမက မင်း ပုဆိုးချွတ်ချလိုက်၊ လက်ပိုက်ထားလို့ ပြောတယ်။ ဆရာမကိုကြောက်တဲ့ ကျွန်တော်ဟာ မတ်တတ်ရပ်လျက်ကနေ ပုဆိုးကို ချွတ်ချလိုက်ပြီး လက်ပိုက်နေရပါတယ်။ ဆရာမရဲ့ စာသင်ချိန်တစ်ချိန်လုံး အဲဒီလိုနေရတယ်။ (၁၉၇၈) ခုနှစ်မှာ ကျွန်တော့်ရဲ့ အသက်ဟာ (၁၃) နှစ်သားထဲမှာ ပါ။ လူပျိုပေါက်အရွယ် ဖြစ်ပေါ်နေပါပြီ။ တစ်နှစ်တစ်တန်း မှန်မှန်အောင်မယ်ဆိုရင် ကျွန်တော်ဟာ ၇ တန်းကျောင်းသား ဖြစ်ရမှာ ပါ။ ဒါပေမဲ့ ဒုတိယတန်းမှာ တစ်နှစ်ကျ၊ ပဉ္စမတန်းမှာ တစ်နှစ်ကျတဲ့ အတွက် ၅ တန်း ကျောင်းသားအဖြစ်သာ ရှိတာပါ။

အဲဒီခုနှစ် ကျွန်တော်တို့ ခေတ်ကာလမှာ အသက် (၁၃) နှစ်သားဖြစ်တဲ့ ကျွန်တော် အောက်ခံဘောင်းဘီ မဝတ်တတ်သေးပါ။ ဒါကြောင့် ဖင်ပြောင်နဲ့ လက်ပိုက်ထားရတာကို အရမ်းကို ရှက်နေတယ်။ တစ်ခန်းလုံး အခြားကျောင်းသား ကျောင်းသူတွေက ကျွန်တော့်ကို တည့်တည့်ကြည့်သူ၊ ခိုးကြည့်သူတွေနဲ့ မျက်နှာတွေက စပ်ဖြီးဖြီးဆိုတော့ ကျွန်တော် ပိုရှက်မိတယ်။

ဆရာမ ဒေါ်မြသီရဲ့ စာသင်ချိန်ပြီးဆုံးသွားတော့မှ ကျွန်တော် ပုဆိုးပြန်ဝတ်ရ၊ ပြန်ထိုင်ရပါတော့တယ်။ ကျွန်တော့်ဘဝရဲ့ နဂိုကတည်းကမှ မထူးချွန် မထက်မြက်တဲ့ ပညာရေးရဲ့ ဇာတ်သိမ်းခန်းဟာ အဲဒီနေ့ရက်က စတော့တာပါပဲ။ အခြား ရွယ်တူကျောင်းသား ကျောင်းသူတွေအရှေ့မှာ အရှက်ကွဲခဲ့တဲ့ ကျွန်တော် ကျောင်းတက်ချင်စိတ် လုံးဝမရှိတော့ပါ။ ဒါကြောင့် ကိုယ့်ထက် အတန်းကြီးတဲ့ သူတွေနဲ့ တွဲဖြစ်ရင်း နေ့စဉ်နီးပါး ကျောင်းပြေးပါတော့တယ်။ အင်းစိန်မြို့နယ် ဒညင်းကုန်း ဂေါက်

ကွင်းနားက ထန်းရေဆိုင်မှာ အောင်ဆန်းထန်းတောဘက်တွေမှာ ကိုယ်နဲ့ ကျောင်းပြေးဖက် အတန်းကြီးသူ၊ အသက်ကြီးသူတွေနဲ့ ရက်ခြားဆိုသလို ထန်းရေသောက်လိုက် ဂေါက်ကွင်းထဲက ရေကန်မှာ ရေကူးလိုက်နဲ့ လုံးဝ နီးပါးကို ကျောင်းမတက်တော့ပါ။

၁ လကို ၁၀ ရက်လောက်သာ ကျောင်းတက်တဲ့ ကျွန်တော့်ကို အတန်းပိုင်ဆရာမ ဒေါ်မြသီက ကျွန်တော့်မိဘဆီကို အကြောင်းကြားစာ ပို့ပါတယ်။ ဒါပေမဲ့ အဲဒီစာယူလာတဲ့ လမ်းထဲကသူဆီက စာကို ကျွန်တော်က ယူပြီး ဖြဲပစ်လိုက်တယ်။ ဒီလိုနဲ့ အတန်းတင်စာမေးပွဲ ဖြေဆိုချိန်မှာ အဖြေလွှာစာရွက်တွေထဲမှာ ရေးချင်ရာတွေ ရေးပြီး စာမေးပွဲ ဖြေဆိုခဲ့တယ်။

မိုးလင်းရင် အ လုပ်သွား၊ မိုးချုပ်မှ အလုပ်ကပြန်ရောက်တဲ့ အဖေနဲ့ ကျွန်တော့်နောက်က ညီ၊ ညီမ သုံးယောက်နဲ့ အလုပ်ရှုပ်နေတဲ့ အမေက ကျွန်တော့်ပညာရေးကို ဂရုမစိုက်နိုင်ပါ။ ဒါကြောင့် ကျွန်တော် ကျောင်းပြေးတာ၊ စာမေးပွဲမဖြေနိုင်တာကို အမိအဖနှစ်ပါးက ဘာမှ မသိပါ။ အချိန်တန်လို့ အောင်စာရင်းထွက်ချိန်မှာ အမေက "ငါ့သား မင်းစာမေးပွဲအောင်စာရင်း သွားကြည့်လေ" ဆိုလို့ သာ အိမ်ကထွက်လာခဲ့တာ တကယ်တော့ ဘာအောင်စာရင်းမှ ကို ကြည့်စရာမလိုတာ။ ကိုယ့်ကိုယ်ကိုယ်သာ အသိဆုံးပါ။ ဒါပေမဲ့ သေချာသွားအောင် အများ နည်းတူ ကျောင်းမှာ အောင်စာရင်းကို သွားကြည့်လိုက်ပါတယ်။ ဘာကြောင့်ကြည့်တာလဲဆိုရင် ကျွန်တော် စာမေးပွဲကျတာ သေချာသလားဆိုတာ သိချင်စိတ်နဲ့ ပါ။ ကျောင်းမနေချင်တော့တဲ့ ကျွန်တော် စာမေးပွဲကျရင် ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ချက် ချပြီးသားပါ။ ကိုယ့်အတွေးနဲ့ ကိုယ်ပေါ့။

***